# ဥပဒေပြဌာန်းချက် (၆) ပြည်သူများရပိုင်ခွင့် တိုင်ကြားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

ဖို့ဝိန်းမြို့ လူထုသယ်ယူပို့ဆောင်ရေးကော်ပိုရေးရှင်း/စီးတီးလင့်မှ လူအများသိရှိရန် ၁၉၆၄ ခု ဥပဒေပြဌာန်းချက် (၆) ဖြစ်သော ပြည်သူများရပိုင်ခွင့် တိုင်ကြားခြင်း၊ ၎င်းနှင့် သက်ဆိုင်သည့် ပြဌာန်းချက်များ၊ နည်းဥပဒေများအားလုံးကို စီးတီးလင့်၏ ပေါ်လစီတစ်ရပ်အဖြစ် လိုက်နာကျင့်သုံးကြောင်းဖော်ပြပါသည်။ ပြည်ထောင်စုအစိုးရမှ ကူညီထောက်ပံ့ထားသည့် အစီအစဉ်များသည် ဥပဒေပြဌာန်းချက်(၆)၊ ၎င်းနှင့်ပတ်သက်သော နည်းဥပဒေများအတိုင်း အမေရိကန်ပြည်ထောင်စုအတွင်းရှိမည်သူ့ကိုမဆို လူမျိုး၊ အသားအရောင်၊ မွေးဖွားရာဇာတိ၊ ယောကျ်ား/မိန်းမ၊ အသက်အရွယ်နှင့် မသန်မစွမ်းဖြစ်ခြင်း စသည့်အချက်များပေါ်တွင် အခြေခံ၍ အစီအစဉ် (ပရိုဂရမ်) များ၊ လုပ်ကိုင်ဆောင်ရွက်မှုများတွင် ပါဝင်ခွင့်၊ အကျိုးခံစားခွင့်များကို ငြင်းပယ်ခြင်းကို တားမြစ်ထားပါသည်။ ဤသို့ပြုသည်ဆိုပါက ခွဲခြားဆက်ဆံခြင်းဟု သတ်မှတ်သည်။

စီးတီးလင့်၏ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ မိမိအား တရားမဝင်ခွဲခြားဆက်ဆံသည့် ပြုမှုဆောင်ရွက်မှုမျိုးဖြင့် ထိခိုက်နစ်နာစေသည်ဟု ယုံကြည်သူမည်သူမဆို စီးတီးလင့်သို့ လုပ်ထုံးလုပ်နည်းများအတိုင်း တိုင်ကြားရန် အခွင့်အရေးရှိပါသည်။ ဤသို့ တိုင်ကြားမည်ဆိုပါက စာဖြင့်ရေးသားဖော်ပြရမည်ဖြစ်ပြီး အခင်းဖြစ်ပွားသည့် အချိန်မှ ရက်ပေါင်း (၁၈၀) အတွင်း စီးတီးလင့် (Title VI/ADA) ဥပဒေရေးရာ ညှိနှိုင်းဆောင်ရွက်ရေးမှူးထံ လိပ်မူပေးပို့ရပါမည်။

အများပြည်သူများရပိုင်ခွင့်တိုင်ကြားခြင်း (Title VI/ADA) ဖောင် ရယူနိုင်ပါသည်။ အများပြည်သူများရပိုင်ခွင့်တိုင်ကြားခြင်းနှင့်ပတ်သက်၍ ချက်အလက်များသိရှိလိုပါက စီးတီးလင့် Citilink (၂၆၀) ၄၃၂–၄၅၄၆ ကို ဆက်သွယ်ပါ။ ဝဘ်ဆိုဒ် www.fwcitilink.com မှလည်း ဆက်သွယ်နိုင်ပါသည်။

စီးတီးလင့်မှ ဤသည်များကို လိုက်နာဆောင်ရွက်မှုမရှိပါက စီးတီးလင့် (Title VI/ADA) ဥပဒေရေးရာညှိနှိုင်းဆောင်ရွက်ရေးမှူး Title VI Coordinator သို့ ဆက်သွယ်ပါ။

စီးတီးလင့် (Citilink)
801 Leesburg Road
Fort Wayne, Indiana, 46808
(260)432-4546

**အောက်ပါအချက်အလက်များကို စုံစမ်းနိုင်သည်။**

- ရက်ပေါင်း (၁၈၀) အတွင်း ခွဲခြားဆက်ဆံခံရသည်ဟူသော တိုင်တန်းချက်ကို လက်ခံရယူမည်။
- စာဖြင့်ရေးသား၍ တိုင်တန်းသူအား ဤတိုင်တန်းမှုကို (၄၈) နာရီတွင်း၌ ကျွန်ုပ်တို့ တရားဝင်ဆုံးဖြတ်ချက်ချနိုင်ဦးမည်မဟုတ်ကြောင်းနှင့် ထပ်မံလိုအပ်မည့် အချက်အလက်များကို တောင်းဆိုရန် ဆက်သွယ်မည်။
- လိုအပ်သည့်အချက်အလက်များရရှိပြီးပါက (၅) ရက်အတွင်းတွင် စုံစမ်းစစ်ဆေးမှု ပြုမည်။
- တိုင်တန်းသူထံမှ လိုအပ်သည့်အချက်အလက်များကို ရက်ပေါင်း (၃၀) အတွင်းရရှိရမည်။ ဤသို့မဟုတ်ပါက တိုင်တန်းမှုကို ရုံးလုပ်ငန်းသဘောအရ ရပ်ဆိုင်းရမည်ဖြစ်သည်။
- စွဲချက်ဖော်ပြမှုများ၊ ၎င်းနှင့်သက်ဆိုင်သည့်အကြောင်းအရာများကို ပြန်လည်ကြည့်ရှုပါ (လိုအပ်လျှင် ရှေ့နေနှင့် တိုင်ပင်မှု၊ ညှိနှိုင်းဆောင်ရွက်မှုပြုပါ။)
- မျက်မြင်သက်သေများနှင့် အင်တာဗျူးများ ပြုလုပ်ပါသည်။ နိုင်ငံသားများ၊ အလုပ်သမားများ၊ အစရှိသူများကို အင်တာဗျူး၍ အချက်အလက်များကို မှတ်တမ်းတင်ပါသည်။
- ပြန်လည်ကြည့်ရှုပြီးပါက စွဲချက်ဖော်ပြမှုများနှင့်ပတ်သက်သည့် ရှာဖွေတွေ့ရှိမှုအကျဉ်းချုပ်၊ ဆုံးဖြတ်ချက်၊ အခြားပတ်သက်သည့် အရေးယူမှုများကို တိုင်းတန်းသူထံသို့ စာဖြင့် ပေးပို့မည်ဖြစ်ပါသည်။
- တိုင်တန်းသူမှ ဆုံးဖြတ်ချက်ကို ပြန်လည်စဉ်းစားပေးရန် အသနားခံစာ တင်ပါက ရှာဖွေတွေ့ရှိချက်များကို ပေးပို့ထားသည့်စာရပြီး ရက်ပေါင်း (၃၀) အတွင်း စာရေးသားရမည်။
- တင်ပြသည့် အသနားခံစာတွင် မိမိဘာကြောင့် ဤဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသည်ကို ရှင်းပြပေးရမည်၊ လက်မှတ်ရေးထိုးရမည်။
- ရက်ပေါင်း (၃၀) အတွင်း တင်ပြသည့် အသနားခံစာနှင့်ပတ်သက်သည့် စာဖြင့်ဖော်ပြသည့် ဆုံးဖြတ်ချက် ရရှိမည်။
- တရားဥပဒေအရ လိုအပ်မှု၊ တိုင်တန်းသူမှ ခွင့်ပြုမှုများမှအပ အချက်အလက်များအားလုံးကို လျှို့ဝှက်ထားရှိမည်ဖြစ်သည်။